MMID

# MANDALAY MYOTHA
## INDUSTRIAL DEVELOPMENT PUBLIC CO., LTD

## ANNUAL REPORT
## 2023-2024







မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းကြီး

**Myotha Industrial Park City**

MRG

**Joint Development**

MMID

**MRG** - Mandalay Region Government, **the land owner**

**MMID** - Mandalay Myotha Industrial Development Public Company, **the master developer** have an agreement to invest and develop the Myotha Industrial Park City. Both projects approved by the Myanmar Investment Commission **( MIC )** in December, 2012.

## Transportation Net Work

ကမ္ဘာ့ လူဦးရေ၏ ၄၀% သည် မြန်မာနိုင်ငံကို ဝန်းရံလျက်ရှိသည့် ပထဝီအနေအထားအရ **Logistics Hub** တစ်ခုဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ **Potential** မြင့်မားသော တည်နေရာ တစ်ခု ဖြစ်ပါသည်။









## Mandalay Myotha Industrial Development Public Co.,Ltd. (MMID)

Mandalay Myotha Industrial Development Public Co.,Ltd (MMID) is the master developer of Myotha Industrial Park City (MIPC) and Semeikhon Port (SMP). Together with an able team that also includes foreign experts and consultants, Chairman Aung Win Khaing's dream is to unlock the wealth of Mandalay to benefit the locals even as Myanmar races ahead in economic development.

MIPC will be a mixed use industrial park covering 11,403 acres. SMP is a jetty port along the Ayeyarwaddy River that covers 376 acres. Foreign investors are already showing interest in this development that will play a big part in the modernisation, infrastructure and economic growth of this beautiful country of 60 million people.

# Aerial View of
# Myotha Industrial Park City
# Master Plan



# MIPC

## စီမံကိန်း မြေအသုံးပြုမှုမြေပုံ




# MIPC Land Use Map

MANDALAY MYOTHA
INDUSTRIAL DEVELOPMENT PUBLIC CO., LTD



# CONTENTS . . .

| | |
|---|---|
| Guidelines by Chief Minister of Mandalay Region Government | 7 |
| Vision and Mission | 10 |
| Chairman's Report | 15 |
| Board of Directors | 75 |
| Corporate Governance | 82 |
| High Level Management Committee | 85 |
| Organization Chart of MMID | 89 |
| Financial Section | 91 |



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ဝန်ကြီးချုပ် ဦးမျိုးအောင်၏

## သဝဏ်လွှာ

၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံ၏ လူမှုစီးပွားရေး အဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကို အခြေပြုပြီး အရင်းအမြစ်များ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချ လုပ်ကိုင်ဆောင်ရွက်ရန်၊ သွင်းကုန်များ လျော့ချပြီး ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ထုတ်လုပ်မှုကဏ္ဍ မြင့်မားစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် တို့ကို အဓိက တွန်းအားပေး ဆောင်ရွက်လျက် ရှိပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်တွင်ပါဝင်သော ''တိုးတက်ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး'' ဦးတည်ချက်နှင့်အညီ နိုင်ငံစီးပွားဖွံ့ဖြိုးစေရန် MSME လုပ်ငန်းများကို အားပေး ကြိုးပမ်း ဆောက်ရွက်လျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ''တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အဆင့်မီ ကုန်ချောများ ထုတ်လုပ်နိုင်သည့် MSME လုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အခြားထုတ်ကုန်များကိုလည်း အဆင့်မီစွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်လိုကြောင်း'' ''နိုင်ငံသားများထံမှ ငွေကြေး ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သူများအား ကုန်ထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရေး ဆောင်ရွက်စေလိုကြောင်းနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားရန်လိုကြောင်း'' လမ်းညွှန်မိန့်ကြား ခဲ့ပါသည်။

၃။ မန္တလေးတိုင်းဒေသကြီးသည် နိုင်ငံ၏ အလယ်ဗဟိုစီးပွားရေး အချက်အချာကျသော နေရာဖြစ်၍ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံကောင်းများ ရှိနေသကဲ့သို့ ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ''မြို့သာစက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်း'' သည် ရည်မှန်းချက် (၅) ချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရည်မှန်းချက် (၁) (၂) (၃) (၄) တို့ကို အဆင့်တစ်ခုသို့ ရောက်ရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ရည်မှန်းချက် (၅) Central Myanmar Agriculture Hub - CMAH Project ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အဓိက အခြေခံသည့် နိုင်ငံတစ်ခုဖြစ်၍ ကမ္ဘာ့တတိယ အကြီးဆုံးသော ပဲမျိုးစုံ ထွက်ရှိသည့် နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းမှ ၅၇ % ထွက်ရှိပါသည်။ CMAH Project သည် ပြည်တွင်း / ပြည်ပမှ ပဲမျိုးစုံ နှင့် စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်သူများ၊ ရောင်းချသူများ၊ ဝယ်ယူသူများနှင့် ကျေးလက်ဒေသခံတောင်သူများ သမားရိုးကျ လုပ်ငန်းဆောင်ရွက်ရာမှ ခေတ်မီနည်း စနစ်များကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အာရှနိုင်ငံတွင် အကြီးဆုံးသော ပဲမျိုးစုံနှင့် စိုက်ပျိုးရေး သီးနှံများ ရောင်းဝယ်ရေး International Trading Center ကြီးတစ်ခု တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကို သိရှိရသည့်အပြင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဝါ သီးနှံ

ဆိုင်ရာ ထွက်ကုန်များကို အသုံးပြု၍ MSME ရင်းနှီးမြှုပ်နှံမှု Value Added စက်ရုံများ၊ အထည်ချုပ်စက်ရုံများ အတွက် မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်းဧရိယာအတွင်း အထူးသက်သာသည့် ဈေးနှုန်းဖြင့် မြေနေရာများကို အကျိုးအမြတ် အဓိကမထားဘဲ နိုင်ငံတော်၏အကျိုး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး လျာထား ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါသည်။

၅။ ထို့အပြင် မြို့သာစက်မှုဥယျာဉ်မြို့အတွင်းရှိ စက်ရုံ အလုပ်ရုံများ နေ့အချိန်တွင် လျှပ်စစ်ဓာတ်အား လုံးဝ မပြတ်တောက်စေရန် Solar Power လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူး ပေးနိုင်ရေးအတွက် MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီ နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ တို့ JV ပြုလုပ်ပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ မတ်လ မတိုင်မီ Solar Power လျှပ်စစ် ဓာတ်အား စတင် ဖြန့်ဖြူး ပေးနိုင်မည်ကိုလည်း သိရှိရပါသည်။

၆။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့သာစက်မှုဥယျာဉ်မြို့ အကောင်အထည်ဖော် တည်ဆောက်ရေး နှင့် ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်း စီမံကိန်းကြီးတို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ Solar Power လျှပ်စစ်ဓာတ်အား ရရှိလာနိုင်ခြင်းတို့ကြောင့် မန္တလေးတိုင်းဒေသကြီး အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် Value Added စက်ရုံများ အမြန်ဆုံး ပေါ်ထွက်လာမည်ဟု မျှော်မှန်း နိုင်ပါသည်။ အရည်အသွေးရှိ Export ထုတ်ကုန်များ တိုးတက်အောင်မြင် လာခြင်းဖြင့် တိုင်းဒေသကြီး အစိုးရ၏ GDP တိုးမြင့်လာပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။

၇။ MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီ Master Developer အနေဖြင့် Covid-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပေါ်လာခြင်းကြောင့် စီမံကိန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိနေသော်လည်း ဇွဲ လုံ့လ ဝီရိယအပြည့်ဖြင့် ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် လိုအပ်သည့် ပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားပါမည်။ MMID အများနှင့် သက်ဆိုင်သောကုမ္ပဏီ ဦးစီးဦးဆောင်သူများ၊ အစုရှယ်ယာရှင်များနှင့် ပါဝင်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်း မှာကြား အပ်ပါသည်။

ဦးမျိုးအောင်
ဝန်ကြီးချုပ်

# Vision & Mission - 5 Objectives

## စီမံကိန်းကြီး၏

## ရည်မှန်းချက် (၅) ချက်

၁။ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့သော မြို့သာကျေးလက်ဒေသကို လူမှုစီးပွား ဘဝမြင့်တက်လာစေရန် စက်မှုဥယျာဉ်မြို့တစ်မြို့ အကောင်အထည် ဖော်ခြင်း၊

၂။ ဆီမီးခံ (ရောဝတီ) ဆိပ်ကမ်းကို ရာသီမရွေး **Container** များဖြင့် ကုန်တင် ကုန်ချ ပြုလုပ်နိုင်သည့် အဆင့်မြင့်ဆိပ်ကမ်းတစ်ခု တည်ဆောက်ခြင်း၊

၃။ တံတားဦးလေဆိပ် စကားအင်းအဝိုင်းမှ ဆီမီးခံဆိပ်ကမ်းသို့ ကျေးလက်ဒေသ ပြည်သူများ လူမှုစီးပွားဘဝ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင် သွားလာနိုင်ရေးအတွက် (၃၆) မိုင် အရှည်၊ (၂၄) ပေ အကျယ် အခိုင်အမာ ကွန်ကရစ်လမ်းသစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

၄။ ကျေးလက်ပြည်သူများ အလုပ်အကိုင်ရရှိစေရန် **Green City** မြို့တစ်မြို့ ဖော်ထုတ်ပြီး **Sport Tourism** အထောက်အကူပြုရေး နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ဦးတည်ချက်ဖြင့် နိုင်ငံတကာ အဆင့်မီ **Championship Golf Course** တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

၅။ မြန်မာနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံးသော ပဲမျိုးစုံထွက်ရှိသည့် နိုင်ငံဖြစ် ခြင်းကြောင့် အာရှနိုင်ငံတွင် ပဲမျိုးစုံ **International Trading Center** (ကုန်စည် ဒိုင်ကြီး) တစ်ခု ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## မန္တလေး –မြို့သာစက်မှုဥယျာဉ်မြို့တစ်မြို့ တည်ဆောက်ရန် Master Plan




## "ခွင့်ပြုမိန့်များ ရရှိခြင်း"

| | |
|---|---|
| ■ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် MMID ကုမ္ပဏီတို့ MOU လက်မှတ်ရေးထိုးခြင်း | ၉ . ၁၂ . ၂၀၁၁ ရက်နေ့ |
| ■ ဆီမီးခံ ဆိပ်ကမ်းတည်ဆောက်ခွင့် MIC မှ ခွင့်ပြုမိန့်ရရှိခြင်း<br>မန္တလေး–မြို့သာ စက်မှုဥယျာဉ်မြို့ MIC မှ ခွင့်ပြုမိန့်ရရှိခြင်း | ၂၃ . ၈ . ၂၀၁၂ ရက်နေ့<br>၁၉ . ၁၁. ၂၀၁၂ ရက်နေ့ |
| ■ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခြင်း | ၃ . ၁ . ၂၀၁၃ ရက်နေ့ |
| ■ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် MMID ကုမ္ပဏီတို့ လုပ်ငန်းသဘောတူ စာချုပ် လက်မှတ်ရေးထိုးခြင်း | ၉. ၁ . ၂၀၁၃ ရက်နေ့ |
| ■ MMID Public Co.,Ltd အများနှင့် သက်ဆိုင်သော ကုမ္ပဏီကို ပြန်လည် ဖွဲ့စည်းပြီး MIC ၏ ခွင့်ပြုမိန့် ရရှိခြင်း | ၁၀ . ၇ . ၂၀၁၃ ရက်နေ့ |

# စီမံကိန်းမူလမြေယာအမျိုးအစား နှင့် အခြားနည်းသုံးစွဲခွင့်ရရှိခြင်း

(က) မြို့သာစက်မှုဥယျာဉ်မြေဧရိယာ

| စဉ် | မြေ | ဧက | အခြားနည်းခွင့်ပြုမိန့်ရရှိခြင်း |
|---|---|---|---|
| ၁။ | ယာ | ၉၁၇ | ၂၀၁၄ – ခုနှစ် |
| ၂။ | လယ် | ၆၈ | ၂၀၁၆ – ခုနှစ် |
| ၃။ | စားကျက် | ၈၄၁၉ | ၂၀၁၆ – ခုနှစ် |
| ၄။ | အခြား | ၁၉၉၉ | ၂၀၁၆ – ခုနှစ် |
| | ပေါင်း | ၁၁၄၀၃ | |

(ခ) ဆီမီးခုံဆိပ်ကမ်းမြေဧရိယာ

| စဉ် | မြေ | ဧက | အခြားနည်းခွင့်ပြုမိန့်ရရှိခြင်း |
|---|---|---|---|
| ၁။ | လယ် | ၂၁၇.၃၃ | ၂၀၁၄ – ခုနှစ် |
| ၂။ | ယာ | ၁၅၄.၅၃ | ၂၀၁၃ – ခုနှစ် |
| | ပေါင်း | ၃၇၁.၈၆ | |

(ဂ) ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် Demarcation & Boundry Officer များ ခန့်အပ်ပြီး (၆၄ လက်မ ၁ မိုင် စကေး) ဖြင့် ကွင်းထွက်မြေပုံ ရရှိရေးအတွက် မြေတိုင်းတာ ဆောင်ရွက်ခြင်း
ကွက်စိတ်၊ ကွက်ကြဲပေါင်း (၂၂၇) ကွက် ၂၀၁၇ – ခုနှစ် တိုင်းတာပြီးစီးခြင်း



မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းဧရိယာ မူလမြေအနေအထားအပေါ်
စတင်အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်

# စီမံကိန်းကြီး၏ ရည်မှန်းချက် ၃ ချက်

## 1

မြို့သာစက်မှုဥယျာဉ်မြို့











## 2

ဆီမီးခုံ (ရေဝတီ) ဆိပ်ကမ်း





## 3

တံတားဦး (လေဆိပ်) စကားအင်းအဝိုင်း မှ ဆီမီးခုံ (ရေဝတီ) ဆိပ်ကမ်း သို့ Port Link Road






## 4




2018

**TOP 100 COURSES in ASIA-PACIFIC**
2023-2024





TOP 100 COURSES IN ASIA-PACIFIC

### Myotha National Golf Course







## 5

### Central Myanmar Argiculture Hub - CMAH Project



| | | | |
|---|---|---|---|
| 1. Black Gram | မတ်ပဲ | 10. Pigeon Pea | ပဲစင်းငုံ |
| 2. Green Gram | ပဲတီစိမ်း | 11. Peyin | ပဲယင်း |
| 3. Butter Bean | ထောပတ်ပဲ | 12. Pebyugalay | ပဲဖြူကလေး |
| 4. Bocate | ဘိုကိတ်ပဲ | 13. Pegyi | ပဲကြီး |
| 5. Sultani | စွန်တာနီ | 14. Pegya | ပဲကြား |
| 6. Sultapya | စွန်တာပြာ | 15. Garden Pea | ပဲလုံး |
| 7. Soybean | ပဲပုပ် | 16. Peyazar | ပဲရာဇာ |
| 8. Chick Pea | ကုလားပဲ | 17. Penauk | ပဲနောက် |
| 9. Pelun | ပဲလွန်း | 18. Others | |

### Myotha Project Infrastructure















## ဥက္ကဋ္ဌ ၏ အစီရင်ခံစာ . . .

အစုရှယ်ယာရှင်များခင်ဗျား . . .

မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁။ မင်္ဂလာရှိသော ယနေ့ကျင်းပသည့် MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ နဝမ အကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာ တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဤနှစ်ပတ်လည် အစည်းအဝေး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် နှင့် UMFCCI ဥက္ကဋ္ဌ၊ MRCCI ဥက္ကဋ္ဌ၊ အထူးဧည့်သည်တော်များ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပဏာမအနေဖြင့် တင်ပြအပ်ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျာ – – –

MMID အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်အများ သိရှိနိုင်ပါရန် ကျွန်တော့်အနေဖြင့် အကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။

၂။ ဤစီမံကိန်းကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ က Land Owner ဖြစ်၍ MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီ သည် Master Developer အနေဖြင့် မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသကျေးလက်ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် MMID မှ ရင်းနှီးမြှုပ်နှံမှုများကို တာဝန်ယူပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီး ဖြစ်ပါတယ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား
Mandalay - Myotha Baoshan Project တည်ဆောက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြနေစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား
မွေးမြူရေးဇုံ အကောင်အထည်ဖော်တည်ဆောက်ရန် အခြေအနေကို ရှင်းလင်းတင်ပြနေစဉ်



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr.ချာလီသန်း မန္တလေး–မြို့သာစက်မှုဥယျာဉ်မြို့တော်
တည်ဆောက်ရေးစီမံကိန်းအား လာရောက် အားပေး ချီးမြှင့် ကြည့်ရှုစဉ်

၃။ ဤစီမံကိန်းကြီး ဧရိယာသည် မိုးခေါင်ရေရှားရပ်ဝန်းတွင် ပါဝင်၍ ပူအိုက်ခြောက်သွေ့ပြီး စိုက်ပျိုးရေး မဖြစ်ထွန်းသည့် ကျောက်စလစ်ကုန်းမြေ အများအပြား ပါဝင်သော နေရာဒေသ ဖြစ်ပြီး နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့် ဒေသတစ်ခု ဖြစ်ပါသည်။ စင်္ကာပူနိုင်ငံရှိ SCP Group ကို ဖိတ်ခေါ်ပြီး Master Plan ကို ရေးဆွဲခဲ့ရာ ၁၅ နှစ်မှ ၂၀ နှစ် ရေရှည်စီမံကိန်း တစ်ခုဖြစ်၍ ရည်မှန်းချက် (၅) ချက် ချမှတ်ပြီး အကောင်အထည်ဖော် တည်ဆောက်သွားရန် လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ BOD အဖွဲ့ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူပြီး ဤစီမံကိန်းကြီး အောင်မြင်စေရေးအတွက် ဖွဲ လုံ့လ ဝီရိယအပြည့်ဖြင့် ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် MOU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၂၀၁၂ ခုနှစ် MIC ခွင့်ပြုမိန့် ရရှိခြင်း၊ ၂၀၁၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှ စီမံကိန်း ဆောင်ရွက်မှုအတွက် အတည်ပြုချက်များရယူခြင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် စီမံကိန်းဧရိယာအတွင်း ပါဝင်သော လယ်ယာမြေ များကို ထိုက်တန်သော မြေယာလျော်ကြေးများ ပေးအပ်စာချုပ် ချုပ်ဆို လွှဲပြောင်း ရယူခြင်း လုပ်ငန်း အဆင့်ဆင့်ကို လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ (၂) နှစ်ကျော်ခန့် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပါတယ်။




ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် နှင့် အဖွဲ့ တို့
Mandalay International Trade Fair & Investment Forum သို့ တက်ရောက် အားပေးချီးမြှင့်ခြင်း

၄။ စီမံကိန်းကြီး၏ ရည်မှန်းချက် (၅) ချက်ကို 2014 / 2015 တွင် ပထမဦးစွာ Infrastructure လမ်း၊ ရေ၊ လျှပ်စစ် ဓာတ်အား ရရှိရေးလုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးအတွက် 20 MVA - Sub-station တစ်ခုနှင့် Transmission 66 / 11 KV ဓာတ်အားလိုင်း စုစုပေါင်း 38 km ခန့် တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ပြည်ပမှ Indonesia, Thailand, China, Netherlands, India, USA, Japan, Hongkong စသည့် နိုင်ငံများ ဝင်ရောက်လာခဲ့၍ စက်ရုံ၊ အလုပ်ရုံပေါင်း (၂၁) ရုံ လည်ပတ်လျက်ရှိပြီး တည်ဆောက်ဆဲ Standard Factories, Warehouse, Office, Staff Dormitory (၃၂) ရုံ (၈၅%) တည်ဆောက် ပြီးစီးနေပြီ ဖြစ်ပါတယ်။ မိုးခေါင်ရေရှား ဒေသတစ်ခုလုံး ရေရရှိရေးနှင့် စိမ်းလန်းစိုပြေရေးအတွက် ရေစုကန် ကြီး/လတ် (၂၁) ကန် တည်ဆောက်ပြီးစီး၍ နှစ်စဉ် ရေဂါလံသန်းပေါင်း (၄၈၀) ခန့် စုစည်းသိုလှောင် အသုံးပြုလျက်ရှိပါတယ်။ ၎င်းအပြင် ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းမှ မြို့သာစက်မှုဥယျာဉ်မြို့သို့ တစ်နာရီလျှင် ရေဂါလံ (၃၈၀၀၀) ပို့ပေးနိုင်သည့် ရေပိုက်လိုင်း စီမံကိန်းတစ်ခုကိုလည်း တည်ဆောက် ထားရှိပါတယ်။




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr. ကံဇော်၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ နှင့် ပြည်ထောင်စုဝန်ကြီးများ၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တို့
မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းပြခန်း ကို စစ်ဆေး ကြည့်ရှု အားပေး ချီးမြှင့်စဉ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr. ကံဇော် မှ MMID ပြခန်းတွင် စီမံကိန်း နှင့် ပတ်သက်ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားနေစဉ်




၅။ ၂၀၂၀ ခုနှစ် ကမ္ဘာ့ကပ်ရောဂါ Covid-19 ကျရောက်ကြုံတွေ့ရသဖြင့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု နည်းပါးပြီး ကမ္ဘာတစ်ဝှမ်း စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး MMID အများနှင့် သက်ဆိုင်သော ကုမ္ပဏီအနေဖြင့် ရည်မှန်းချက် (၅) ချက် ဖြစ်သော –

(၁) မြို့သာစက်မှုဥယျာဉ်မြို့တစ်မြို့ အကောင်အထည်ဖော် တည်ဆောက်ခြင်း၊

(၂) ရာသီမရွေး ကုန်တင် / ကုန်ချ ပြုလုပ်နိုင်သည့် ဆီမီးခံ (ရေဝတီ) ဆိပ်ကမ်း တည်ဆောက်ခြင်း၊

(၃) တံတားဦး (လေဆိပ်) စကားအင်းအပိုင်းမှ ဆိပ်ကမ်းသို့ အချိန်တိုအတွင်း သယ်ယူပို့ဆောင်သွားလာနိုင်ရေး အတွက် အခိုင်အမာ လမ်းသစ်တစ်ခု တည်ဆောက်ခြင်း၊

(၄) စိမ်းလန်းစိုပြေရေး၊ ဒေသခံကျေးလက်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း အမြန်ရရှိစေရေး နှင့် တစ်ဖက်တစ်လမ်းမှ Sports Tourism အထောက်အကူပြုနိုင်ရေး အတွက် Championship Golf Course တစ်ခု တည်ဆောက် နိုင်ခြင်း

ရည်မှန်းချက် (၄) ချက်ကို အဆင့်တစ်ခုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား – – –

၆။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပါသဖြင့် ကမ္ဘာ့တတိယ အကြီးဆုံးသော ပဲမျိုးစုံ ထွက်ရှိသည့်နိုင်ငံ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင် (၅၇%) ထွက်ရှိပါတယ်။ မြို့သာစက်မှုဇုန်မြို့တော်သည် မြေပြင်ပထဝီအနေအထားအရ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်/မြောက် တို့၏ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ မီးရထားလမ်းကြောင်းများ အလွယ်တကူ ဆက်သွယ် သွားလာနိုင်သည့် Logistic Hub ဆုံမှတ်တစ်ခု ဖြစ်ပါတယ်။

၇။ ရည်မှန်းချက် (၅) ဖြစ်သည့် CMAH Project ၏ ရည်ရွယ်ချက်သည် ပြည်တွင်း / ပြည်ပမှ ပဲမျိုးစုံ နှင့် စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်သူများ၊ ရောင်းချသူများ၊ ဝယ်ယူသူများနှင့် ကျေးလက်ဒေသခံ တောင်သူများ သမားရိုးကျ လုပ်ငန်းဆောင်ရွက်ရာမှ ခေတ်မီနည်းစနစ်များကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာတွင် အကြီးဆုံးသော ပဲမျိုးစုံနှင့် စိုက်ပျိုးရေးသီးနှံများ ပြည်တွင်း/ပြည်ပ ရောင်းဝယ်ရေး Center တစ်ခု တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါတယ်။

စီမံကိန်း၏ ရည်မှန်းချက် ၁ တည်ဆောက်ပြီးစီးလျက်ရှိသော




Gold AYA - SKD စနစ်ဖြင့် မော်တော်ကား ထုတ်လုပ်သည့်စက်ရုံ

RHGC Construction Group Office & Shophouse




၆။ Central Myanmar Agriculture Hub - CMAH Project ကို ၂၀၂၃ ခုနှစ်၊ မေလမှ စတင်ပြီး မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် (၅) နှစ်အတွင်း အာရှနိုင်ငံ၌ အကြီးဆုံးသော စိုက်ပျိုးရေး သီးနှံနှင့် ပဲမျိုးစုံ International Trading Center တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းနှင့် ရန်ကုန်မြို့ မြန်မာ နိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း MPBMSMA တို့၏ ဥက္ကဋ္ဌများနှင့် EC, CEC အဖွဲ့ဝင်များအား ကျွန်တော်နှင့် ဒါရိုက်တာ၊ တာဝန်ရှိအဖွဲ့ဝင်များ သွားရောက် ဆွေးနွေးတင်ပြခဲ့ရာ မန္တလေးနှင့် ရန်ကုန်အသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူ/အသင်းသားများ၏ ထောက်ခံ အားပေးမှု နှင့် ပူးပေါင်းပါဝင်မည့်အကြောင်း ဆန္ဒရယူနိုင်ခဲ့ပါတယ်။

၇။ CMAH Project ၏ ရည်ရွယ်ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့ကို သွားရောက်တွေ့ဆုံ တင်ပြခဲ့ရာ ဤစီမံကိန်းကြီး အောင်မြင်နိုင်စေရေးအတွက် လမ်းညွှန်မှုများနှင့် အားပေးထောက်ခံမှု များကို ရရှိခဲ့ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား – – – – –

၁၀။ ဤစီမံကိန်းကြီး အောင်မြင်စေရေးအတွက် အဓိကလိုအပ်သည့် (၁) လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ခြင်း၊ (၂) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ (၃) ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းတွင် 40 ft Container များဖြင့် ရာသီမရွေး ကုန်တင်/ကုန်ချ ပြုလုပ်နိုင်ခြင်း စသည့် ဝန်ဆောင်မှုများ ပေးနိုင်မှသာလျှင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းကြီး အမြန်ဆုံး တိုးတက် အောင်မြင်လာမှာ ဖြစ်ပါတယ်။

၁၁။ MMID အများနှင့် သက်ဆိုင်သောကုမ္ပဏီ သည် အချိန်တိုအတွင်း သယ်ယူပို့ဆောင် သွားလာနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ ၃၆ မိုင် အရှည်၊ ၂၄ ပေ အကျယ် အခိုင်အမာ ကွန်ကရစ်လမ်းသစ်ကို အဆင့်မြှင့်တင် စတင် ခင်းကျင်းတည်ဆောက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြို့သာစက်မှုဥယျာဉ်မြို့ သို့ တည်ဆောက်ပြီးစီးမည် ဖြစ်၍ ၂၀၂၅ ခုနှစ် မကုန်မီ ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းသို့ တည်ဆောက်ပြီးစီးမည်ဖြစ်ပါတယ်။



Deheus Feed Mill Factory - Netherlands

PACIFIC Electric Concrete Products Factory - Myanmar~Thai



အစုရှယ်ယာရှင်များခင်ဗျား – – – – –

၁၂။ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေးအတွက် MMID ကုမ္ပဏီနှင့် China EnerEver Solutions (Shanghai) Company Limited တို့ JV ပြုလုပ်၍ EnerEver Myotha Solar City Development Co., Ltd တည်ထောင်ပြီး မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (MIC) သို့ တင်ပြခဲ့ရာ (၅ . ၉ . ၂၀၂၄) နေ့တွင် ခွင့်ပြုမိန့်ကို ရရှိခဲ့ပြီးဖြစ်၍ ၂၀၂၅ ခုနှစ်၊ မတ်လ မတိုင်မီ မြို့သာစက်မှုဥယျာဉ်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများကို နေ့အချိန်တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါတယ်။

၁၃။ 2023/2024 ခုနှစ်တွင် နယ်မြေဒေသများ၏ အေးချမ်းတည်ငြိမ်မှု မရှိခြင်းကြောင့် ပြည်တွင်း/ ပြည်ပမှ Investor များ ဝင်ရောက်လာခြင်း အလွန်နည်းပါးပြီး စီးပွားရေးစိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသော်လည်း MMID - Director အဖွဲ့ဝင် နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပမှ Investor များကို ဖိတ်ခေါ်ခြင်း၊ ပြပွဲများသို့ တက်ရောက်၍ MMID Master Plan စီမံကိန်းကို ရှင်းလင်းပြသခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းကြီးရဲ့ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိအောင် လုပ်ငန်းများကို မရပ်မနားဘဲ အဓိက လိုအပ်သည့် Financing Rolling Capital ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေစေရန်အတွက် BOD အဖွဲ့မှ စွန့်စားပြီး ဆောင်ရွက်ခဲ့ရခြင်း၊ Corporate Governance Director အဖွဲ့ဝင်များ၏ မှန်ကန်သော အကြံပြုချက် ပံ့ပိုးမှုရရှိခြင်းတို့ကြောင့် MMID ကုမ္ပဏီ ဌာနအသီးသီးရှိ အရာထမ်း ဝန်ထမ်းများ စည်းလုံး ညီညွတ်၍ တာဝန်ကျေပွန်စွာ ဇွဲ လုံ့လ ဝီရိယဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား – – – – –

၁၄။ မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် ပြည်တွင်း/ ပြည်ပမှ ဝင်ရောက်လာသည့် စက်ရုံ အလုပ်ရုံများ၏ ၇၀% သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထွက်ရှိသည့် စိုက်ပျိုးရေးသီးနှံ ကုန်ကြမ်းများကို အသုံးပြု၍ Value Added ကုန်ချောများ ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ အဓိက လိုအပ်လျက်ရှိသည့် ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး ပုံမှန်ရရှိနိုင်ခြင်းကို ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရရှိတော့မည်ဖြစ်ပါ၍ မြန်မာနိုင်ငံအရပ်ရပ်မှ စက်ရုံ အလုပ်ရုံ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းရှင်များကို အထူး ဦးစားပေးပြီး MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။



Mandalay-Myotha Baoshan Project တည်ဆောက်လျက်ရှိသည့်
Standard Factories, Office Building, Canteen & Staff Dormitory

AIDA Amazing Metal Recycling Factroy - Japan



အစုရှယ်ယာရှင်များခင်ဗျား – – – – –

၁၅။ ကျွန်တော့်အနေဖြင့် အထူးတင်ပြလိုသည်မှာ MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီ အပေါ် (၁၀) နှစ်ကျော်ကာလအတွင်း အစုရှယ်ယာရှင်များအားလုံး၏ ယုံကြည်မှု၊ အားပေးပံ့ပိုးမှုများ အပြည့်အဝရရှိထားခြင်းကြောင့် စီမံကိန်းကြီး၏ ရည်မှန်းချက် (၅) ချက်သည် အဆင့်တစ်ခုသို့ တိုးတက် အောင်မြင်လျက်ရှိနေခြင်းကို ယနေ့ အစုရှယ်ယာရှင်များအားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပြီလို့ ကျွန်တော့်အနေဖြင့် ယုံကြည်ပါတယ်။ MMID ကုမ္ပဏီအနေဖြင့် ရှေ့လာမည့် (၃) နှစ်အတွင်း IPO- Stock Listing ဝင်ရောက်ရန် ကြိုတင် စီမံဆောင်ရွက်ထားရှိခြင်း သတင်း ကောင်းကို ပေးအပ်လိုပါတယ်။ အစုရှယ်ယာရှင်များ အနေဖြင့် စီမံကိန်းကြီး တိုးတက်ရာ တိုးတက်ကြောင်း အကြံဉာဏ်ကောင်းများ ပေးနိုင်ပါရန် အမြဲဖိတ်ခေါ်လျက် ရှိပါကြောင်းနှင့် အစုရှယ်ယာရှင်များ အားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုအင်ဆန္ဒပြည့်ဝနိုင်ကြပါစေ။

အားလုံးကို ကျေးဇူးတင်ပါတယ်။




Japfa Feed Mill Factory - Indonesia



Japfa Breeder & Broiler Farm - Indonesia

ဥရောပနိုင်ငံသို့
၁၀၀ % ရာနှုန်းပြည့်
Export တင်ပို့
ရောင်းချလျက် ရှိသော
Lady Shoes Factory တွင်
ကျွမ်းကျင်ဝန်ထမ်းများဖြင့်
ကုန်ချောထုတ်လုပ်လျက်
ရှိနေစဉ်







မြို့သာစက်မှုဥယျာဉ်မြို့ ရှိ စက်ရုံ၊ အလုပ်ရုံများ၏
၇၀% သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ
ထွက်ရှိသည့် စိုက်ပျိုးသီးနှံ ကုန်ကြမ်းများကို
အသုံးပြုပြီး ကုန်ချော ထုတ်လုပ်၍
ပြည်တွင်း / ပြည်ပ သို့
တင်ပို့ရောင်းချလျက်ရှိပါသည်။







## စီမံကိန်း၏ ရည်မှန်းချက် ၂ တည်ဆောက်ပြီးစီးလျက်ရှိသော ဆိပ်မီးခံ (ဧရာဝတီ ) ဆိပ်ကမ်း စီမံခန့်ခွဲရေးရုံး





60 x 200 meter
Cargo Yard &
50 Ton RMG Crane



50 Ton Pontoon Crane Barge



40ft Container Operation ပြုလုပ်နေစဉ်

စက်မှုဥယျာဉ်ရှိ
စက်ရုံ၊ အလုပ်ရုံများမှ
လိုအပ်သည့် စိုက်ပျိုးရေးသီးနှံ
ကုန်ကြမ်းများ ဆိပ်ကမ်းသို့
ရောက်ရှိပြီး ကုန်တင်/ကုန်ချ
ပြုလုပ်နေစဉ်






အနာဂတ်တွင် တွေ့မြင်ရမည့် ဆီမီးခုံ ဆိပ်ကမ်းမြို့

## စီမံကိန်း၏ ရည်မှန်းချက် (၃) တည်ဆောက်ပြီးစီးလျက်ရှိသော ၃၆ မိုင်အရှည် Port Link Road


မာရဝိဇယဆင်းတုတော်ကြီးအတွက် စကျင်ကျောက်တော်ကြီးများကို
ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်စဉ်


အခိုင်အမာ မြေသားလမ်းသစ်တလျောက် လိုအပ်သည့်
Box Culvert များ စနစ်တကျ ထည့်သွင်းတည်ဆောက်နေစဉ်


အခိုင်အမာမြေသားလမ်း ဖောက်လုပ်စဉ်


ဆည်မြောင်းဌာန သတ်မှတ်သည့်စံချိန်စံညွှန်းနှင့်အညီ
အခိုင်အမာ တည်ဆောက်ထားသည့် Concrete တံတား


36 မိုင်အရှည် 24 ft အကျယ် လမ်း
စံချိန်စံညွှန်းနှင့်အညီ
Concrete ခင်းကျင်းရန်
Batching Plant




36 မိုင် အရှည်၊ 24 ပေ အကျယ် Concrete လမ်းအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ခင်းကျင်းနေစဉ်



မာရဝိဇယဆင်းတုတော်ကြီးအတွက် စကျင်ကျောက်တော်ကြီးများကို
ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်စဉ်



36 မိုင် အရှည်၊ 24 ပေ အကျယ် Concrete လမ်း အား သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ခင်းကျင်းနေစဉ်



36 မိုင်အရှည်၊ 24 ပေအကျယ် ခင်းကျင်းလျက်ရှိသည့် Concrete လမ်း







တံတားဦး (လေဆိပ်) စကားအင်းအဝိုင်းမှ မြို့သာစက်မှုဥယျာဉ်မြို့တော်နှင့် ဆီမီးခုံ (ဇရာဝတီ) ဆိပ်ကမ်းသို့ 36 မိုင်အရှည်၊ 24 ပေအကျယ် Concrete လမ်းတွင် လမ်းညွှန်ဆိုင်းဘုတ်များကို Steel Structure ဖြင့် အခိုင်အမာ တည်ဆောက်နေစဉ်



တံတားဦး (လေဆိပ်) မှ မြို့သာစက်မှုဥယျာဉ်မြို့တော် နှင့် ဆီမီးခုံ (ဇရာဝတီ) ဆိပ်ကမ်းသို့ 54 ပေ အကျယ်၊ (၄) လမ်းသွား လမ်းသစ် 3D View ဖြင့် တွေ့မြင်ရပုံ


Myotha Golf Course - Par 3
No. 5


Myotha Golf Course - Par 3
No. 16


Myotha Golf Course - Par 4
No. 14


Myotha Golf Course - Par 4
No. 2


EP Sub-station - 20 MVA








Solar Power - 0.5 MW

## စီမံကိန်း၏ ရည်မှန်းချက် (၅) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော

### CMAH - Project Land Use Master Plan






CMAH - စီမံကိန်း ရောင်းဝယ်ရေး Commercial Center







## ညှိနှိုင်း ဆက်စပ် ကူညီပေးနိုင်ရေး ဆောင်ရွက်ရန်

တီထွင်ဆန်းသစ်မှုများ ကို အခြေခံသည့် သုတေသန နှင့် ဖွံ့ဖြိုးမှု (R&D)လုပ်ငန်း၊ လေ့ကျင့် သင်ကြားမှု နှင့် နည်းပညာလွှဲပြောင်းမှုများကို မြန်မာနိုင်ငံ အထက်ပိုင်း နှင့် အလယ်ပိုင်းဒေသများတွင် ဆောင်ရွက်ပေး နိုင်ရန် ဖြစ်ပါသည်။

## CMAH စီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များ

### သုတေသန နှင့် ဖွံ့ဖြိုးမှု

- သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
- စိုက်ပျိုးရေးနည်းပညာ သင်ကြားရေးနှင့် လေ့ကျင့်ရေး စင်တာတစ်ခု တည်ထောင်ခြင်း
- စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဓာတ်ခွဲခန်း ထားရှိခြင်း

### ထုတ်လုပ်ရေး

- မျိုးစေ့ကောင်းများ ထုတ်လုပ်ခြင်း
- ဇီဝဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ထုတ်လုပ်ခြင်း
- ဇီဝဆေးပညာနှင့် ဆက်စပ်ထုတ်လုပ်မှု အစားအစာထုတ်လုပ်ခြင်း
- အဆင့်မီလယ်ယာသုံးစက်ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်း

### ဝန်ဆောင်မှု

- စိုက်ပျိုးထုတ်လုပ်သူများ လိုအပ်သည့် ဝန်ဆောင်မှု Service ပေးနိုင်ခြင်း
- Utilities
- Logistics
- Waste disposal

### လုပ်ငန်းများ

- သန့်စင်ခြင်း
- အဆင့်သတ်မှတ်ခြင်း
- အမျိုးအစားခွဲခြားခြင်း
- အရောင်တင်ခြင်း
- ခေတ်မီစက်များဖြင့် ဆီထွက်သီးနှံ **value added** ပြုလုပ်ခြင်း နှင့် **MSME** လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း

### ကုန်သွယ်ရေး

- ပြည်တွင်း/ပြည်ပဈေးကွက် ရရှိအောင် ဆောင်ရွက်ခြင်း
- အဆင့်မြင့်ထုတ်ပိုးမှု နှင့် သိုလှောင်မှု ထားရှိခြင်း
- **International Trading Center** တည်ထောင်ခြင်း

## 2023/ 2024 ခုနှစ် စီးပွားရေး စိန်ခေါ်မှု ကာလတွင် MMID BOD အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် လမ်းညွှန်မှုအရ လုပ်ငန်းအလိုက် တာဝန်ရှိပုဂ္ဂိုလ်များ (၂)နှစ် အတွင်း ပြည်တွင်း/ပြည်ပ တွင် ဆောင်ရွက်ထားရှိသည့် မှတ်တမ်း



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ များအား CMAH Project ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းဦး ဦးဆောင်သော အဖွဲ့ နှင့် MMID ကုမ္ပဏီ တို့ မြို့သာစက်မှုဥယျာဉ်မြို့ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို Promotion အဆင့်မြှင့်တင်နိုင်ရန် (17-7-2024) ရက်နေ့တွင် Zoom Meeting ဖြင့် ဆွေးနွေးခြင်း



မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး Dr. Min Zaw Oo နှင့် ဌာနဆိုင်ရာအဖွဲ့ တို့ ဆီမီးခုံ (ရေဝတီ) ဆိပ်ကမ်း တည်ဆောက်ရေး စီမံကိန်း ဆောင်ရွက်မှု အခြေအနေ ဆွေးနွေးစဉ်




တရုတ်ပြည်၊ နန်နင်းကုန်စည်ပြပွဲ တွင်
MMID ကုမ္ပဏီ Dr. Tun Tun Aung (MD) နှင့်
အဖွဲ့ မြို့သာစီမံကိန်းနှင့် ပတ်သက်၍
သွားရောက် ရှင်းလင်း ပြသခဲ့စဉ်








CMAH Project

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို
မန္တလေးမြို့ ပွဲစား ကုန်သည် စက်ပိုင်များ
မဟာကထိန်တော်အသင်း (ကုန်စည်ဒိုင်) တွင်
အသင်းသူ/အသင်းသားများ
အရောင်းအဝယ် ပြုလုပ်နေသည်ကို
သွားရောက် ကြည့်ရှု လေ့လာခဲ့ပါသည်။







(9-6-2024) ရက်နေ့တွင် MMID ကုမ္ပဏီ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာ အဖွဲ့ဝင်များ မှ မန္တလေးမြို့ ပွဲစား ကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (ကုန်စည်ဒိုင်) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ EC, CEC အဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံပြီး မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် ပဲမျိုးစုံ ရောင်းဝယ်ရေး International Trading Center - CMAH Project အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနေစဉ်








(22.6.2024) ရက်နေ့တွင် MMID ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် မှ ရန်ကုန် မြို့ရှိ အစုရှယ်ယာရှင်များနှင့် တွေ့ဆုံပြီး မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်း ရည်မှန်းချက် (၅) ချက် ဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်း တင်ပြနေစဉ်








(22.6.2024) ရက်နေ့တွင် MMID ကုမ္ပဏီ
Dr. Tun Tun Aung (MD) မှ
ရန်ကုန် မြို့ရှိ အစုရှယ်ယာရှင်များနှင့်
တွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့်
မြို့သာစက်မှုဥယျာဉ်မြို့ ၏ စီမံကိန်း
လုပ်ငန်းများကို ရှင်းလင်းတင်ပြနေစဉ်







(14.6.2024) ရက်နေ့တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်း နှင့် နှမ်းကုန်သည်များအသင်း MTSH ဥက္ကဋ္ဌ ဦးဝင်းအောင်၊ MPBMSMA အသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ EC, CEC အဖွဲ့ဝင်များ တို့ထံ MMID ကုမ္ပဏီ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ သွားရောက်တွေ့ဆုံပြီး မြို့သာစက်မှုဥယျာဉ်မြို့တော်တွင် ပဲမျိုးစုံ ရောင်းဝယ်ရေး International Trading Center CMAH Project အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနေစဉ်









(7.5.2024) ရက်နေ့တွင်
MMID Director နှင့် အဖွဲ့ဝင်များ၊
China - Xinjiang Group နှင့်
South Asia Future Group တို့
မြို့သာစက်မှုဥယျာဉ်မြို့တော်
MIPC-Meeting Room တွင်
Overseas Logistics Warehouse &
Share Motorcycle System
ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ
ဆွေးနွေးကြပါသည်။






(22.6.2024) Novotel Hotel (Ygn) တွင်
Bank of China President Mr. Liu Ying,
Huawei CEO (Myanmar),
မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော
ကုမ္ပဏီ ကြီး (၁၈) ဖွဲ့၏ President နှင့် CEO များ၊
MMID Public Co.,Ltd.
Chairman ဦးအောင်ဝင်းခိုင် နှင့်
ဒါရိုက်တာအဖွဲ့ဝင်များတို့ တွေ့ဆုံပြီး
Myanmar Business Opportunity Discussion
ကို ပွင့်လင်းစွာ အမြင်ခြင်း
ဖလှယ် ဆွေးနွေး ကြပါသည်။







(24.6.2024) MTSH (HO) Meeting Room တွင်  MTSH  ဥက္ကဋ္ဌ ဦးဝင်းအောင် နှင့် အဖွဲ့ဝင်များ၊
MMID ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် နှင့် Director များ တို့ မြို့သာစက်မှုဥယျာဉ်မြို့၊
ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်း စီမံကိန်း ရည်မှန်းချက် (၅) ချက် နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ရာ
ဥက္ကဋ္ဌ ဦးဝင်းအောင် ဦးစီးသော ကုမ္ပဏီ များမှ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို
မြို့သာကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်
MMID စီမံကိန်းသို့ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် ညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။



(25.4.2023) ရက်နေ့တွင် Secretary of Baoshan Municipal Committee of the CPC Mr. Yang Jun ပထမအကြိမ် လာရောက်ပြီး (၆) နှစ်အကြာ China Hengyi Group (Chairman) Mr. Duan Zhi Kui နှင့်အတူ မြို့သာစက်မှုဥယျာဉ်မြို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် လာရောက်ဆွေးနွေးခြင်း





2024 ခုနှစ် မြို့သာစက်မှုဥယျာဉ်မြို့တွင် စက်ရုံ၊ အလုပ်ရုံများအား Solar Power လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးကို MMID နှင့် China Hengyi Group တို့ ရင်းနှီးမြှုပ်နှံမှု JV ပြုလုပ်ဆောင်ရွက်ရန် လာရောက် ဆွေးနွေးခြင်း









2023 / 2024 ခုနှစ်တွင်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Investor များ
MMID Master Plan Show Room တွင်
လာရောက်လေ့လာခြင်းနှင့်
China Hengyi Group – Engineer အဖွဲ့မှ
တာဝန်ရှိပုဂ္ဂိုလ်များ Solar Power Plant
တည်ဆောက်ရန်နေရာများ
Survey ပြုလုပ်ခြင်း မှတ်တမ်း





(20.6.2024) ရက်နေ့တွင် UAB Bank ဥက္ကဋ္ဌ ဦးနေအောင် နှင့် အဖွဲ့မှ
MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် နှင့် ဒါရိုက်တာအဖွဲ့ဝင်များ မြို့သာ စက်မှုဉယျာဉ်မြို့ နှင့်
ဆီမီးခုံ (ဇရာဝတီ) ဆိပ်ကမ်း အဆင့်မြှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်
ပွင့်လင်းမြင်သာစွာ ဆွေးနွေး ဖလှယ်နေကြစဉ်





မြို့သာစက်မှုဥယျာဉ်မြို့တွင် MMID ကုမ္ပဏီ
နှင့် C.E.S (Shanghai) Co.,Ltd. တို့
Solar Power Plant JV စနစ်ဖြင့်
အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကို
(5.4.2024) ရက်နေ့တွင်
MOU လက်မှတ်ရေးထိုးခြင်း၊



Solar Power Plant တည်ဆောက်မည့်နေရာ
စီမံကိန်းဧရိယာအတွင်း ကျောက်စလစ်ကုန်းမြေ
ဧက (၃၀၀) ခန့် ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်း



24.4.2024 (9:00) am
မင်္ဂလာရှိသောနေ့အချိန်တွင်
EnerEver Myotha Solar City
Development Co.,Ltd. အမည်ဖြင့်
JV Agreement လက်မှတ်
ရေးထိုးနိုင်ခြင်းနှင့် ပတ်သက်ပြီး
China EnerEver Solutions
(Shanghai) Co.,Ltd.
Mr. Shao Ren (Director) မှ
နှစ်ဖက်သော Director အဖွဲ့ဝင်များနှင့်
အရာထမ်း ဝန်ထမ်းများအား
ရှင်းလင်းတင်ပြနေစဉ်














(24.4.2024) ရက်နေ့တွင်  MMID ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် နှင့် C E S S  Co.,Ltd. ဥက္ကဋ္ဌ Mr. Duan Zhi Kui တို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုကို EnerEver Myotha Solar City Development Co.,Ltd. ဖြင့်  JV  Agreement ပြုလုပ်ပြီး လက်မှတ်ရေးထိုးနေစဉ်







MMID ကုမ္ပဏီ Dr. Tun Tun Aung  (MD) နှင့် C E S S Co.,Ltd.  Mr. Shao Ren (Director) တို့ EnerEver Myotha Solar City Development Co.,Ltd. JV  Agreement လက်မှတ်ရေးထိုးနေစဉ်



(23.4.2024) ရက်နေ့ MIPC Meeting Room တွင်  MMID - Director အဖွဲ့ဝင်များနှင့် China-Fengyuan Group & Huamao Group တို့ တွေ့ဆုံပြီး ပီလောပီနံ ကုန်ကြမ်း များကို အသုံးပြု၍ High Technology နည်းပညာဖြင့် ထုတ်လုပ်သည့် Construction Metrials, Fabrics, Paper, Cosmetics Product (နမူနာ) များကို ပြသခြင်း

မြန်မာနိုင်ငံအလယ်ပိုင်းတွင်ကုန်ကြမ်းများ စိုက်ပျိုး၍ မြို့သာစက်မှုဥယျာဉ်မြို့တွင် ကုန်ချောထုတ်လုပ်နိုင်ရန် အသေးစိတ် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။













Roofer Energy Technology Co., Chairman Mr. Chan Posiu နှင့် အဖွဲ့ EV Motorcar Battery မျိုးစုံ ထုတ်လုပ်ရန် MMID ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် နှင့် တာဝန်ရှိသူများ ကို တွေ့ဆုံ၍ မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို လေ့လာ ဆွေးနွေး ခဲ့ပါသည်။



(20.12.2023) ရက်နေ့တွင် Mandalay International Trade Fair & Investment Forum ပြပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr. ကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ နှင့် အဖွဲ့ မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း ပြခန်းသို့ လာရောက် အားပေးချီးမြှင့်စဉ်






(20.12.2023) ရက်နေ့တွင်
Mandalay International Trade Fair & Investment Forum ဖွင့်ပွဲအခမ်းအနား

(20.12.2023) ရက်နေ့ Mandalay International Trade Fair & Investment Forum ပြပွဲတွင်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhang Wei ရှင်းလင်းတင်ပြနေစဉ်







စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာရဲတင့်ထွန်း မှ
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး
ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မှု
အလားအလာများ
ရှင်းလင်းတင်ပြနေစဉ်

စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း
မှ ရှင်းပြနေသည်ကို
MMID ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်၊
ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်းများ
ပါဝင် လေ့လာ တက်ရောက်နေစဉ်



(20.12.2023) ရက်နေ့တွင် Mandalay International Trade Fair & Investment Forum ပြပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မှ မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း ပြခန်းသို့ လာရောက် အားပေးချီးမြှင့်စဉ်



MMID ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းဦး မှ မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း ပြခန်းသို့ လာရောက်သော ဧည့်သည်တော်များအား စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားနေစဉ်






MMID ကုမ္ပဏီ Urban Development Director Ms. Jess မှ မန္တလေး မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်း ပြခန်းသို့ လာရောက်လေ့လာသော နိုင်ငံခြားသားဧည့်သည်တော် များအား စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားနေစဉ်

(20.12.2023) ရက်နေ့ UAB Bank တာဝန်ရှိသူ Mr. Eward နှင့် အဖွဲ့
MMID ကုမ္ပဏီ Dr. Tun Tun Aung (MD) နှင့် လာရောက် တွေ့ဆုံဆွေးနွေးစဉ်





Mandalay International Trade Fair &
Investment Forum ပြပွဲတွင်
မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော်
စီမံကိန်း ပြခန်းသို့ သတင်းမီဒီယာများမှ
စီမံကိန်း အကြောင်းနှင့် ပတ်သက်၍
သိရှိလိုသည်များကို မေးမြန်းစဉ်




မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်းကို အများပြည်သူများ အထူးစိတ်ဝင်စားပြီး
ကြည့်ရှု စုံစမ်း မေးမြန်း လာရောက်သည့် ဧည့်သည်တော်များ



(6.2.2024) ရက်နေ့တွင်
British Chamber of Commerce
Mr. Ian Fox (CEO) မှ
MMID Public Co.,Ltd.
Dr. Tun Tun Aung (MD) &
U Nyi Nyi Aung (PD) တို့နှင့်
မြို့သာ စက်မှုဥယျာဉ်မြို့ စီမံကိန်း
နှင့် ပတ်သက်ပြီး
လာရောက် လေ့လာခြင်း









(5.3.2024) ရက်နေ့တွင်
မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ
ဆောင်ရွက်လျက်ရှိသော
Mitsubishi Co., ၏ CEO အသစ်
Mr. Hirofumi Yasuhara က
MMID ကုမ္ပဏီ
ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် အား
R H G C ရုံးချုပ် တွင်
လာရောက်မိတ်ဆက် တွေ့ဆုံစဉ်





(18.8.2023) ရက်နေ့တွင်
MMID Public Co.,Ltd.
Dr. Tun Tun Aung (MD) နှင့်
Urban Development Director Ms. Jess တို့
နေပြည်တော်သို့ သွားရောက်ပြီး
China Railway Engineering Corporation
Mr. Wang Guo Liang (Chief Representatives)
Mr. Xu Jang Bo (Engineer) တို့နှင့် တွေ့ဆုံပြီး
China Railway အကြောင်း လေ့လာခဲ့ပါသည်။

(16.8.2023) ရက်နေ့တွင်
China South Asia Expo Kunming ပြပွဲတွင်
မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်း နှင့်
China Hengyi Group တို့ ပူးပေါင်း ပြသခဲ့၍
Chairman Mr. Duan Zhi Kui &
Myotha Project Urban Development
Director Mr. George တို့ တက်ရောက်ခဲ့စဉ်





(21.12.2023) ရက်နေ့ RHGC ရုံးချုပ် တွင် မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်းနှင့်
China Yunnan Pilot Trade Zone International Park Group တို့ ရင်းနှီးမြှုပ်နှံမှု Business Opportunity
ပူးပေါင်းဆောင်ရွက်နိုင်ရေး လာရောက် လေ့လာ အမြင်ခြင်း ဖလှယ် ဆွေးနွေးခဲ့ပါသည်။



(16.9.2024) ရက်နေ့တွင် MMID - Dr. Tun Tun Aung (MD) ဦးစီးသော ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်း ဝန်ထမ်းများနှင့် မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်း CSR အဖွဲ့တို့ တံတားဦးမြို့ ရေသဖန်းဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူ (၉၀၀) ခန့် အတွက် တစ်ဦးလျှင် (၆၃၀၀ိ/–) တန်ဘိုးရှိ ရေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ သွားရောက် လှူဒါန်းစဉ်



MMID ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်း ဝန်ထမ်းများနှင့် မြို့သာစက်မှုဥယျာဉ်မြို့ စီမံကိန်း CSR အဖွဲ့တို့ ရေဘေးသင့်ပြည်သူများ လှူဒါန်းရန် မထွက်ခွာမီ စုပေါင်းမှတ်တမ်း





၁၅.၉.၂၀၂၄ (တနင်္ဂနွေနေ့)
MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် မှ
ရုံးချုပ်တွင် အရာထမ်း ဝန်ထမ်းများနှင့်
မြို့သာစီမံကိန်း CSR အဖွဲ့ (၄၅) ဦး တို့
ရေဘေးသင့်ပြည်သူများ လှူဒါန်းရန်
ရေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ
ထုတ်ပိုးနေသည်ကို လာရောက်အားပေးကြည့်ရှုစဉ်








တံတားဦးမြို့၊ ရေသဖန်းဘုန်းတော်ကြီး
ကျောင်းတိုက်တွင်
MMID ဒါရိုက်တာအဖွဲ့ဝင်များ၊
အရာထမ်း ဝန်ထမ်းများနှင့် CSR အဖွဲ့တို့
ရေဘေးသင့်ပြည်သူများ အတွက်
ရေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ
သွားရောက် လှူဒါန်းစဉ်









တံတားဦးမြို့နယ်
သံဃနာယကဆရာတော်အား
လှူဖွယ်ဝတ္ထုပစ္စည်းများ
လှူဒါန်းပူဇော်ရန် လျှောက်ထားနေခြင်းနှင့်
ရေဘေးသင့်ပြည်သူ တစ်ဦးချင်းအား
ရေနှင့် စားသောက်ဖွယ်ရာ
ပစ္စည်းများ ပေးအပ်နေစဉ်





တံတားဦးမြို့နယ်၊ စကားအင်း မဟာဇေရုံဘုန်းတော်ကြီးကျောင်း ဆရာတော်အား
လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပူဇော်ရန် လျှောက်ထားနေခြင်းနှင့်
ရေဘေးသင့်ပြည်သူ (၁၀၀၀) ခန့်အား  တစ်ဦးချင်း ရေနှင့် စားသောက်ဖွယ်ရာ
ပစ္စည်းများ ပေးအပ်နေစဉ်








MMID ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်း ဝန်ထမ်းများနှင့် CSR အဖွဲ့တို့
တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ (တတိယနေရာ) သို့ ရောက်ရှိလာပြီး ရေဘေးသင့်
ပြည်သူ (၁၁၀၀) ခန့်အား တစ်ဦးချင်း ရေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်နေစဉ်



## မြို့သာစက်မှုဥယျာဉ်မြို့အတွင်း အမျိုး ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ထားရှိမှု



လောကချမ်းသာ နဂါးရုံဘုရား



နေ့ချင်းပြီး တည်ထားသော
ဇေယျသိဒ္ဓိသဗ္ဗသုခမင်္ဂလာစေတီ



မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ
ဗုဒ္ဓဂါယာ မဟာဗောဓိပင်မှ မျိုးပွားထားသော ဗောဓိညောင်ပင်ပျိုအား
ပင့်ဆောင်ပြီး မြေချစိုက်ပျိုးခြင်း



'ဟုန်' မိသားစု ဦးအောင်ဝင်းခိုင် + ဒေါ်ကြူကြူဝင်း မိသားစု၊
သမီးထွေး မသန္တာအောင် လှူဒါန်းထားသော
မြို့သာ အောင်တော်မူဓမ္မာရုံ



၂၀၂၃ – ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ တွင် MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်၊ ဇနီး ဒေါ်ကြူကြူဝင်း မိသားစု ဦးစီးပြီး အရာထမ်း ဝန်ထမ်းများ၊ မြို့သာ၊ ဆီမီးခုံဆိပ်ကမ်း ဒေသမှ သံဃာတော် (၇၅) ပါး နှင့် ကျေးလက်ပြည်သူများ (၄၅၉) ဦး စုစည်းပြီး နေပြည်တော်၌ တည်ထား ကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား သွားရောက် ဖူးမျှော်နေစဉ်













နေပြည်တော် တွင် တည်ထားကိုးကွယ်တော်မူသည့်
မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား
မြို့သာစီမံကိန်း ဒေသခံ သံဃာတော်များ
ကျေးလက်ပြည်သူများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊
အရာထမ်း ဝန်ထမ်းများ
စိတ်ချမ်းမြေ့စွာဖြင့် သွားရောက်၍
ဖူးမျှော်ခဲ့ရသည့် ဘုရားဖူးခရီးစဉ် မှတ်တမ်း













၂၀၂၃ ခုနှစ်
ပြင်ဦးလွင်မြို့နယ်၊ ပြင်စာစံပြကျေးရွာ၊
ပြင်စာမစိုးရိမ်တိုက်သစ်၊ မဟာလောကပါလ
ကုန်းတော်ပေါ်ရှိ စိတ္တပါလဗုဒ္ဓဝိပဿနာဗိမာန်တော်
အတွင်း သံဃာတော်များအား
ဟုန်မိသားစု–ဦးအောင်ဝင်းခိုင် + ဒေါ်ကြူကြူဝင်း
မိသားစုတို့ ဦးစီးပြီး
Director များ နှင့် အရာထမ်း ဝန်ထမ်းများ
ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ
လှူဒါန်းဆက်ကပ်ပူဇော်စဉ်



'ဟုန်' မိသားစု ဦးအောင်ဝင်းခိုင် + ဒေါ်ကြူကြူဝင်း
မိသားစု မှ လှူဒါန်းထားသော
စိတ္တပါလဗုဒ္ဓဝိပဿနာဗိမာန်တော်





ပြင်ဦးလွင်မြို့နယ်၊ ပြင်စာစံပြကျေးရွာ၊ ပြင်စာမစိုးရိမ်တိုက်သစ်၊ မဟာလောကပါလကုန်းတော်ပေါ်၌
(အဌမ) အကြိမ် အဘိလက်ာရ – ရဟန်းကျော်စာမေးပွဲ စာအောင်လက်မှတ်ဆက်ကပ်ပွဲ နှင့်
ထာဝရပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနား

# BOARD OF DIRECTORS

ဒါရိုက်တာအဖွဲ့ဝင်များ



## ဦးအောင်ဝင်းခိုင်

(ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်)

ဦးအောင်ဝင်းခိုင်သည် မြန်မာတိုင်းရင်းသားတစ်ဦး ဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန် မြို့နယ်၊ ကျင်းချန်းကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ၁၉၅၄ ခုနှစ်မှစ၍ ကွတ်ခိုင်မြို့ Stella Maris Convent ကျောင်းတွင် ပညာစတင်ဆည်းပူးခဲ့ပါသည်။ ၁၉၆၄–ခုနှစ်တွင် St.Joseph High School ကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို အောင်မြင်ခဲ့ပြီး မိမိ နေထိုင်ခဲ့သည့် ဟိုပန်မြို့နယ် လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း အတွင်းရေးမှူး အဖြစ် (၃) နှစ် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

၁၉၆၇–ခုနှစ်တွင် နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိခြင်းကြောင့် မိသားစုနှင့် မန္တလေးမြို့သို့ ပြောင်းရွှေ့ နေထိုင်လာခဲ့ပါသည်။ မိသားစု၏ မိရိုးဖလာကိုးကန့်လက်ဖက်လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံခြားကုမ္ပဏီဖြစ်သည့် RCC Red Chamber Company (USA), Wood Craft Company (India), Lunsum Co., Ltd (Thailand) စသော ကုမ္ပဏီတို့၏ မြန်မာနိုင်ငံ၌ဒေသနေကိုယ်စားလှယ် (Representative) အဖြစ် တာဝန်ယူပြီး ရန်ကုန်မြို့တွင် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သစ်တောဝန်ကြီးဌာနတို့တွင် သစ်လုပ်ငန်းနှင့် ရေငံပုဇွန် Export လုပ်ငန်းအတွက် (၈) နှစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉–ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကို Market Orientate Economic System စနစ်အဖြစ် ပြောင်းလဲပြုပြင်သည့်အချိန်တွင် ရန်ကုန်မှ မန္တလေးသို့ ပြန်လာပြီး ၁၉၉၀–ခုနှစ် တွင် Hi-Tech Forest Industry ကုမ္ပဏီကို တည်ထောင်ပြီး သစ်အချောထည်

စက်ရုံတည်ဆောက်၍ 90% Export လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၀–ခုနှစ်တွင် UNDP ၏ Sponsor ဖြင့် ရန်ကုန်တွင် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် International Trading Business, Management, GSP-Preference သင်တန်းများကို တက်ရောက်အောင်မြင်ခဲ့၍ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဦးစီးသော ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး အနောက်ဥရောပနိုင်ငံများသို့ (၂၆) ရက် ကြာ Trade Study Tour သွားရောက် လေ့လာခဲ့ပါသည်။

ခရီးစဉ်မှ ပြန်လည်ရောက်ရှိချိန်တွင် ၁၉၉၀ ခုနှစ်၌ စာတမ်းတစ်စောင် ပြုစု၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရာ ၁၉၉၀ ခုနှစ်တွင်ပင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မန္တလေးစက်မှုဇုန်၏ စီမံခန့်ခွဲရေးကော်မတီတွင် ဥက္ကဋ္ဌ တာဝန်ကို ၂၀၁၅–ခုနှစ်၊ ဒီဇင်ဘာလအထိ တစ်ဆက်တည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅–ခုနှစ်တွင် မန္တလေးစက်မှုဇုန် ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်စေခဲ့ပြီး ယနေ့အချိန်အထိ ဂုဏ်ထူးဆောင်နာယကအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

၁၉၉၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် (၁၀) နှစ်၊ ဥက္ကဋ္ဌ အဖြစ် (၁၂) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် New Blood လူငယ်များဖြင့် Reform အသစ်ဖွဲ့စည်းပြီး ဂုဏ်ထူးဆောင်နာယကအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

၁၉၉၄ ခုနှစ် တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တိုင်းရင်းသား ပုဂ္ဂလိကပိုင် မြန်မာဆင် Hi-Tech ဘိလပ်မြေ စက်ရုံကို တည်ဆောက်ခဲ့ပြီး MCICL ကုမ္ပဏီတွင် လက်ရှိအချိန်ထိ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅–ခုနှစ်တွင် နိုင်ငံတော်၏ စီမံကိန်းတစ်ခုဖြစ်သော သံရည်ကျို စက်ခုတ်စား ပုံလောင်း ပုံဖိစက်ရုံ MRIC ကုမ္ပဏီတွင် BOD ဥက္ကဋ္ဌအဖြစ် ယခုအချိန်ထိ တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းအတွင်း ဖွံ့ဖြိုးရေး နိမ့်ကျသည့် မြို့သာကျေးလက်ဒေသကို လူမှုစီးပွားဘဝ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းကြီးဖြစ်သော မန္တလေး–မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့် ရေဝတီဆီမီးခံ ဆိပ်ကမ်းစီမံကိန်းကို Master Developer အဖြစ် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MMID Public Co., Ltd တွင် ၂၀၁၂ ခုနှစ်မှ ယခုအချိန်အထိ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် (Chairman & CEO) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



ဒေါက်တာထွန်းထွန်းအောင်
(Managing Director)

ဒေါက်တာထွန်းထွန်းအောင် သည် မန္တလေးဆေးတက္ကသိုလ် M.B.B.S ဘွဲ့နှင့် University of Thai Chamber of Commerce မှ MBA (စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့) တို့ကို ရရှိခဲ့ပါသည်။ မိသားစုစီးပွားရေးလုပ်ငန်းများတွင် အမြဲပါဝင် ဆောင်ရွက်လျက်ရှိရာ မန္တလေးစက်မှုဇုန်ရှိ ပထမဆုံး တန်ဖိုးမြှင့် သစ်အချော ထည်စက်ရုံ Hi-Tech Forest Industries Co., Ltd (1990) ၏ ဒါရိုက်တာ အဖြစ် ၎င်း၊ မြန်မာနိုင်ငံတွင် ပထမဆုံး တိုင်းရင်းသားပုဂ္ဂလိကပိုင် Mandalay Cement Industries Co., Ltd (1994) မြန်မာဆင် ဘိလပ်မြေစက်ရုံ၏ ဒါရိုက်တာ အဖြစ်၎င်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မိသားစု တည်ထောင်သော Royal Hi-Tech Group Co., Ltd ၏ အမှုဆောင် ဒါရိုက်တာလည်း ဖြစ်ပါသည်။

ဒေါက်တာထွန်းထွန်းအောင် သည် စွန့်ဦးတီထွင်မှုကို စိတ်အားထက်သန် သကဲ့သို့ ၂၀၀၃ ခုနှစ်မှ စတင်၍ Royal Hi-Tech Group Co., Ltd ၏ အောက် တွင် ဝန်ဆောင်မှုပေးသော ကုမ္ပဏီများစွာကို ဖန်တီးခဲ့ပါသည်။ မန္တလေးမြို့၌ ၂၀၀၃ ခုနှစ်တွင် Asia Speed Construction Co., Ltd ၊ ၂၀၀၄ ခုနှစ်တွင် Asia Bright Way IT Co., Ltd ၊ ၂၀၀၅ ခုနှစ် တွင် Asia Speed General Services Co., Ltd ၊ ၂၀၁၅ ခုနှစ်တွင် Global Hi-Tech Engineering Co., Ltd ၊ ၂၀၁၆ ခုနှစ် တွင် Mandalar Piling Co., Ltd နှင့် Asia Bright Land International Development Co., Ltd စုစုပေါင်း ကုမ္ပဏီ (၆) ခုကို Founder အဖြစ် တည်ထောင် ဦးဆောင် ခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ရတစ်ဦး ဖြစ်သည်နှင့်အညီ ကျန်းမာရေး စောင့်ရှောက်မှု ဝါသနာအရ Inn Gyin Phyu Laboratory and Inn Gyin Phyu Specialist Clinic ၏ Founder အဖွဲ့ဝင်အဖြစ်လည်း ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကုမ္ပဏီ ဖြစ်သည့် Pacific Electric Co., Ltd ၏ Founder အဖွဲ့ဝင် တစ်ဦးလည်းဖြစ် ပါသည်။ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း MRCCI ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူများအသင်း Myanmar Developer Association (MDA) နှင့် Mandalay Construction Entrepreneur Association MCEA တို့တွင် အမှုဆောင်အဖွဲ့ဝင်အဖြစ် အသီးသီး ပါဝင်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်အထိ MMID အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



ဦးမြင့်တင်
(Director)

ဦးမြင့်တင် သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ၁၉၇၈ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိပြီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၅၈) သို့ တက်ရောက်ခဲ့သည်။ ၁၉၈၀ မှ ၂၀၀၉ ခုနှစ်ထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ မှ ၂၀၁၈ ထိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သက်ပြည့်အငြိမ်းစားရယူခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ MMID အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် Director အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။



ဦးသန်းဦး
(Director)

ဦးသန်းဦး သည် ၁၉၈၀ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E (Min.) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် တပ်မတော် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) သို့ တက်ရောက်ခဲ့ပြီး အင်ဂျင်နီယာတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် တပ်မတော်မှ ဒုတိယ ဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီတွင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကော်မတီဝင် (ညွှန်ကြားရေးမှူးချုပ်)အဆင့်ဖြင့် အဆင့်ဆင့်ရာထူးတိုး ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူးနိုင်းနိုင်ငံတို့၏ မြို့ပြတည်ဆောက်ရေးဆိုင်ရာလေ့လာရေးခရီးနှင့် သင်တန်းများ တက်ရောက် ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားယူခဲ့ပြီး ပြင်ဦးလွင်မြို့တွင်နေထိုင်၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်မှစ၍ MMID အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် Director အဖြစ် ဆောင်ရွက်လျက် ရှိပါသည်။



ဒေါ်ချိုချို
(Director)

ဒေါ်ချိုချို သည် ၁၉၉၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.A (English) ဘွဲ့ ရရှိခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်၍ ဆက်လက်ပညာဆည်းပူး သင်ကြားခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန် Arizona State University မှ B.Sc Finance ဘွဲ့နှင့် ၂၀၁၀ ခုနှစ်တွင် Post-Baccalaureate Certificate in Accounting ဘွဲ့ကို ထပ်မံရရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် နေထိုင်စဉ် Commercial Banking လုပ်ငန်းများတွင် လုပ်ကိုင်၍ အတွေ့အကြုံရယူခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအထိ Arizona State University ၏ Sun Devil Athletic Department ရှိ Finance Department တွင် (၈) နှစ်ကျော် တာဝန်ယူထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် MMID ၏ လုပ်ငန်းလိုအပ်ချက်အရ Finance Manager အဖြစ် (၂) နှစ် တာဝန် ယူပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ Finance Director အဖြစ် တာဝန် ယူလျက် ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် MMID Board of Director အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး Finance Director တွဲဖက် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။



ဦးမျိုးမြင့်ဦး
(Director)

